# ပြည်သူ့ကျန်းမာရေးမျိုးရိုးဗီဇ မွေးကင်းစကလေး ကျန်းမာရေးစစ်ဆေးခြင်း

## သင့်ကလေး မမွေးဖွားခင် ဘာတွေသိထားသင့်လဲ

Indiana Department of Health

NEWBORN SCREENING INDIANA

အင်ဒီယားနားတွင် ပြည်နယ်ဥပဒေအရ မွေးဖွားသည့် ကလေးတိုင်းအတွက် မွေးကင်းစကလေး ကျန်းမာရေးစစ်ဆေးခြင်းကို အပြီးသတ်လုပ်ဆောင်ရန် လိုအပ်သည်။ ချို့ယွင်းချက်ရှိနေသော ကလေးငယ်များသည် ကျန်းမာသော မွေးကင်းစကလေးများကဲ့သို့ပင် ပြုမူနေထိုင်နိုင်သော်လည်း ပြင်းထန်သောဖျားနာခြင်း၊ ဖွံ့ဖြိုးမှုနှောင့်နှေးခြင်း သို့မဟုတ် သေဆုံးခြင်းတို့ကို ဖြစ်စေနိုင်သည့် ဆေးဘက်ဆိုင်ရာ အခြေအနေအချို့ရှိနိုင်သည်။



မွေးကင်းစကလေး ကျန်းမာရေးစစ်ဆေးခြင်းသည် ချို့ယွင်းချက်ပေါင်း ၃၀ ကျော်ကိုခွဲခြားဖော်ထုတ်ပေးသည့် စစ်ဆေးမှုသုံးမျိုးဖြစ်သည်။ စစ်ဆေးမှုသုံးမျိုးကို မွေးဖွားပြီးနောက် ၂၄ နာရီမှ ၄၈ နာရီအတွင်း မွေးဖွားသည့်ဌာနတွင် အပြီးသတ်လုပ်ဆောင်သွားမည်ဖြစ်သည်။ အောက်ဖော်ပြပါ စစ်ဆေးမှုသုံးမျိုးအကြောင်း ပိုမိုလေ့လာပြီး နောက်ထပ်အချက်အလက်များအတွက် QR ကုဒ်ကို စကင်န်ဖတ်ပါ။

### ခြောက်သွေ့သွေးကွက် (DBS) ဖြင့် စစ်ဆေးခြင်း

ခြောက်သွေ့သွေးကွက် (DBS) ဖြင့် စစ်ဆေးခြင်းသည် ခြေဖနောင့်ထိုးစိုက်အပ်ဖြင့် စစ်ဆေးသည့် လျင်မြန်ရိုးရှင်းသော သွေးစစ်မှုတစ်ခုဖြစ်သည်။ မွေးဖွားပြီးနောက်တွင် ကလေး၏ဖနောင့်ကို ထိုးဖောက်ပြီး အထူးပြုစစ်ထုတ်စက္ကူပေါ်တွင် သွေးစက်လေးများကိုတင်၍ သွေးကွက်ငယ်များကို စုဆောင်းပါသည်။ သွေးကွက်များဟုခေါ်သော ဤသွေးနမူနာများကို မွေးကင်းစကလေး ဓာတ်ခွဲခန်းသို့ ပေးပို့ပြီး ရှားပါးပြီး အသက်အန္တရာယ်ရှိနိုင်သော မျိုးရိုးဗီဇဆိုင်ရာ ကျန်းမာရေးအခြေအနေ ၃၀ ကျော်ကို စမ်းသပ်စစ်ဆေးပါသည်။ သင့်ကလေး၏ ကျန်းမာရေးစောင့်ရှောက်မှုပေးသူက ရလဒ်များရရှိလာသည့်အချိန်တွင် သင့်အားပေးဆောင်သွားပါမည်။ ဤအဆင့်ကို များသောအားဖြင့် ကလေးကျန်းမာရေးစစ်ဆေးခြင်း၏ ပထမအကြိမ်တွင် လုပ်ဆောင်ပါသည်။

### ပြင်းထန်မွေးရာပါနှလုံးရောဂါ (CCHD) စစ်ဆေးခြင်း

ပြင်းထန်မွေးရာပါနှလုံးရောဂါ (CCHD) စစ်ဆေးခြင်းသည် ကလေး၏သွေးထဲတွင် အောက်ဆီဂျင်မည်မျှပါဝင်ကြောင်းနှင့် ကလေး၏ နှလုံးနှင့် အဆုတ်များ မည်မျှကျန်းမာကြောင်း တိုင်းတာရန်အတွက် အောက်ဆီဂျင်တိုင်းစက်ဖြင့် တိုင်းတာစစ်ဆေးသည့် လျင်မြန်၍ နာကျင်မှုမရှိသော စမ်းသပ်စစ်ဆေးမှုတစ်ခုဖြစ်သည်။ CCHD ဆိုသည်မှာ မတူညီသော နှလုံးချို့ယွင်းချက်များစွာကို ရည်ညွှန်းဖော်ပြသည့် ကျယ်ပြန့်သောအသုံးအနှုန်းတစ်ခုဖြစ်သည်။ မတူညီသော CCHD ခုနစ်ခုအထိကို အောက်ဆီဂျင်တိုင်းစက် စစ်ဆေးမှုဖြင့် ရှာဖွေတွေ့ရှိနိုင်ပါသည်။ အဆိုပါနှလုံးချို့ယွင်းချက်တစ်ခုစီသည် မွေးပြီးပြီးချင်းကုသရန်လိုအပ်ပြီး မကြာခဏဆိုသလို ခွဲစိတ်ကုသရန်လည်း လိုအပ်နိုင်ပါသည်။ CCHD ရှိနေသော ကလေးတစ်ဦးသည် မွေးပြီးပြီးချင်း ကုသမှုမခံယူပါက သေဆုံးခြင်းအပါအဝင် ပြင်းထန်သောကျန်းမာရေးရလဒ်များ ဖြစ်ပေါ်လာနိုင်ခြေ ပိုများပါသည်။

### အကြားအာရုံစစ်ဆေးခြင်း

သင့်ကလေးအား ဆေးရုံမှမဆင်းမီ သို့မဟုတ် တစ်လသားအရွယ်တွင် ၎င်းတို့၏ အကြားအာရုံကို စစ်ဆေးပေးသင့်သည်။ သင့်ကလေး၏အကြားအာရုံသည် ပုံမှန်ဟုတ်မဟုတ် သို့မဟုတ် နောက်ထပ်စစ်ဆေးမှုများ လိုအပ်ခြင်းရှိမရှိ ဤအကြားအာရုံကို စစ်ဆေးခြင်းမှ သိရှိနိုင်ပါသည်။ ၎င်းသည် မြန်ဆန်၊ လွယ်ကူပြီး သင့်ကလေးအိပ်ပျော်နေချိန်တွင် လုပ်ဆောင်နိုင်ပါသည်။ အကြားအာရုံဆုံးရှုံးမှုသည် သင့်ကလေး၏ဘာသာစကားပြောဆိုမှုနှင့် ဘာသာစကားအသုံးပြုမှုတို့ကို နှောင့်နှေးစေနိုင်သည်။ အင်ဒီယားနားတွင် နှစ်ရက်လျှင်တစ်ကြိမ် အကြားအာရုံဆုံးရှုံးနေသည့် ကလေးတစ်ဦး မွေးဖွားလေ့ရှိသည်။ သင့်ကလေးသည် အကြားအာရုံဆုံးရှုံးနေပါက သင့်ကလေးနှင့် မိသားစုကို ကူညီရန် ဝန်ဆောင်မှုများနှင့် အရင်းအမြစ်များရှိပါသည်။ ၃ လအရွယ်မတိုင်မီ အကြားအာရုံဆုံးရှုံးကြောင်း သိရှိပြီး ၆ လသားအရွယ်တွင် အကူအညီရယူသည့် ကလေးငယ်များသည် အခြားကလေးများကဲ့သို့ ဘာသာစကားကို လေ့လာသင်ယူနိုင်ပြီး အသုံးပြုနိုင်ကြောင်း လေ့လာမှုများက ဖော်ပြထားသည်။

### ကလေးအထူးကုဆရာဝန်ရွေးချယ်ခြင်း၏အရေးပါမှု

သင့်ကလေးမမွေးဖွားမီ ကလေးဆရာဝန်ကို ကြိုတင်ရွေးချယ်ထားခြင်းသည် သင့်အား စိတ်ဖိစီးမှုများစွာကို သက်သာစေနိုင်ပြီး သင့်ကလေးသည် အစကတည်းက အကောင်းဆုံး ကျန်းမာရေးစောင့်ရှောက်မှုကို ရရှိမည်ဖြစ်ကြောင်း သေချာစေနိုင်ပါသည်။ သင့်မွေးဖွားရာဌာန သို့မဟုတ် ကလေးမွေးဖွားပေးသူတို့ကို သင့်ကလေး၏ ဆရာဝန်အမည်နှင့် ၎င်းတို့၏ဆက်သွယ်ရန်အချက်အလက်ကို ပေးဆောင်ထားကြောင်း သေချာပါစေ။ သင့်ကလေး၏ မွေးကင်းစ စစ်ဆေးမှုရလဒ်များကို သင့်ကလေး၏ဆရာဝန်နှင့် မျှဝေပေးမည်ဖြစ်သည်။ သင့်ကလေးတွင် နောက်ထပ်စစ်ဆေးမှုများ လိုအပ်ပါက၊ သင့်ကလေး၏ဆရာဝန်သည် သင့်အား နောက်အဆင့်များကို ဆွေးနွေးရန် ဆက်သွယ်ပါလိမ့်မည်။

**နောက်ထပ်အချက်အလက်များ လိုအပ်ပါသလား။**

**ကျွန်ုပ်တို့ကို ဆက်သွယ်လိုက်ပါ။**

**NewbornScreening@health.in.gov**

မျိုးရိုးဗီဇနှင့် မွေးကင်းစကလေး ကျန်းမာရေးစစ်ဆေးခြင်းပရိုဂရမ်
အင်ဒီယားနားကျန်းမာရေးဌာန
www.NBS.in.gov
ဖုန်း- 888-815-0006

အစောပိုင်း အကြားအာရုံစစ်ဆေးခြင်းနှင့် ကြားဝင်ကုသခြင်းပရိုဂရမ်
အင်ဒီယားနားကျန်းမာရေးဌာန
www.Hearing.in.gov
ဖုန်း- 317-232-0972

# မွေးကင်းစကလေးကျန်းမာရေးစစ်ဆေးခြင်း၏သက်ရောက်မှု

Indiana Department of Health

NEWBORN SCREENING INDIANA

## ခြောက်နေသောသွေးကွက် (DBS) ဖြင့် စစ်ဆေးခြင်း

ဤနေရာကို စကင်န်ဖတ်၍ *Pompe* ရောဂါကို ခြောက်သွေ့နေသော သွေးကွက်ဖြင့် စစ်ဆေးခြင်းမှ ရှာဖွေတွေ့ရှိခဲ့သည့် Alison နှင့် သူမ၏သား Grant တို့ကို ကြည့်ရှုနိုင်ပါသည်။ မွေးကင်းစကလေး ကျန်းမာရေးစစ်ဆေးခြင်းမှတစ်ဆင့် စောစီးစွာသိရှိထားခြင်းသည် Grant ၏ ဘဝအတွက် ကောင်းမွန်သောအပြောင်းအလဲများဖြစ်သွားပုံနှင့် ဤစစ်ဆေးမှုသည် မည်မျှအရေးကြီးကြောင်းတို့ကို ဝင်ရောက်လေ့လာလိုက်ပါ။

https://www.youtube.com/watch?v=fFZpIAmjCSE

## ပြင်းထန်မွေးရာပါနှလုံးရောဂါ (CCHD) စစ်ဆေးခြင်း

CCHD စစ်ဆေးမှုမှတစ်ဆင့် မွေးရာပါချို့ယွင်းချက်နှစ်ခုဖြစ်သော *အဆုတ်သွေးကြောပိတ်ခြင်း (pulmonary stenosis)* နှင့် *နှလုံးအခန်းတွင်းအပေါက်ပါမှု ဆိုင်ရာ ချို့ယွင်းချက် (atrial septal defect)* အစရှိသည့် ရောဂါတို့ကို ရှာဖွေတွေ့ရှိခဲ့သည့် Jennifer နှင့် သူမ၏သမီး Madison အကြောင်း ပိုမိုလေ့လာရန်အတွက် ဤနေရာတွင် စကင်န်ဖတ်ပါ။ CCHD စစ်ဆေးခြင်းအကြောင်းနှင့် Madison ၏ ဘဝခရီးလမ်းတွင် ၎င်းသည် အဓိကအခန်းကဏ္ဍမှပါဝင်ခဲ့ပုံကို ပိုမိုလေ့လာလိုက်ပါ။

https://www.in.gov/health/gnbs/information-for-families/family-stories/

## အကြားအာရုံစစ်ဆေးခြင်း

အကြားအာရုံစစ်ဆေးမှု မအောင်မြင်သော မွေးကင်းစကလေးငယ်များ၏ မိသားစုများထံမှ ဇာတ်လမ်းများကို နားထောင်ရန် ဤနေရာကို စကင်ဖတ်ပါ။ အကြားအာရုံစစ်ဆေးမှု ရလဒ်များကို သိရှိခြင်း၏ အရေးပါမှုနှင့် ကလေးငယ်များအား အကောင်းဆုံး ကျန်းမာရေးစောင့်ရှောက်မှုများ ပေးဆောင်နိုင်ပုံတို့ကို ပိုမိုလေ့လာလိုက်ပါ။ https://vimeo.com/542185866

## မွေးကင်းစကလေးကျန်းမာရေးစစ်ဆေးခြင်းဆိုင်ရာ အရင်းအမြစ်များ

နောက်ထပ်အချက်အလက်များ လိုအပ်ပါသလား။ ကျွန်ုပ်တို့ထံ NewbornScreening@health.in.gov သို့မဟုတ် ဖုန်းနံပါတ် **888-815-0006** မှတစ်ဆင့် ဆက်သွယ်၍ နောက်ထပ် မွေးကင်းစကလေး ကျန်းမာရေးစစ်ဆေးမှုအရင်းအမြစ်များအတွက် ဤနေရာတွင် စကင်ဖတ်ပါ။

https://www.in.gov/health/gnbs/information-for-families/

Indiana Department of Health | Division of Maternal & Child Health